□改編自：_____

■自編

108 年新北市各級學校東南亞語文競賽
團體朗讀文稿 緬甸 語 國高中職 組 B-2

ရေကူးကန်သို့တခဏလောက်အေးမြစေ

A: ဒီအပတ်စနေနေ့၊ နှစ်ဝက်စာမေးပွဲအပြီး၊ တခဏလောက်ကောင်းကောင်းအပန်းဖြေရမယ်၊
အတူတူအားကစားသွားလုပ်ကြရအောင်၊ မကောင်းဘူးလား။

B: ကျွန်တော်/ကျွန်မလဲတခဏလောက်အပန်းဖြေဖို့လိုအပ်တယ်လို့ထင်တယ်၊
ဒီနေ့ရာသီဥတုအလွန်ပူပြင်းတယ်၊ ရေသွားကူးရင်ကောင်းမယ်။

C: ကျွန်တော်/ကျွန်မအထင်ဘတ်စကက်ဘောကစားတာအကောင်းဆုံးပဲ၊ ရာသီဥတုပူပြင်းတယ်၊
မနက်ခြောက်နာရီခွဲမှာကျွန်တော်/ကျွန်မတို့အားကစားသွားလုပ်ကြရအောင်။

B: ဒါပေမဲ့ကျွန်တော်/ကျွန်မကညဉ့်နက်မှအိပ်တဲ့အလေ့အကျင့်ရှိတယ်၊
ဒါ့အပြင်မနက်အိပ်ရာထပျင်းတယ်၊ ကျွန်တော်/ကျွန်မမထနိုင်ဘူး။

A: ကျွန်တော်/ကျွန်မမနက်ပိုင်းဦးနှောက်ရှင်းလင်းတဲ့အချိန်ကိုအသုံးပြုပြီးစာအနည်းငယ်ဖတ်ချင်တယ်၊
မွန်းတည့်ချိန်ကျော်မှရေစိမ်ရေကူးသွားမယ်၊ အားကစားလဲဖြစ်အပူလဲလျော့။

C: ကောင်းပြီ။ သင်တို့နှစ်ဦးစလုံးမွန်းတည့်ချိန်ကျော်မှရေသွားကူးချင်ကြလို့၊
ကိုယ့်ကိုကိုယ်တခဏလောက်အေးမြဖို့၊ ကျွန်တော်/ကျွန်မတို့အတူတကွလှုပ်ရှားကြစို့။

AB: ကောင်းလိုက်တာ။ သောက်ရေယူလာဖို့သတိရပါ။

C: မှန်ပါတယ်။ နေကပြင်း၊ ခရမ်းလွန်ရောင်ခြည်အားကကောင်းလို့၊ နေပူထဲမှာမနေပါနဲ့။ ရာသီဥတုပူလှောင်အိုက်စပ်လို့၊ အပူရှပ်ခြင်းကိုရှောင်ရှားနိုင်ရန်အတွက်၊ ရေများများဖြည့်စွက်ဖို့လိုအပ်ပါတယ်။

B: ကျွန်တော်/ကျွန်မကစိတ်လှုပ်ရှားစရာကောင်းတဲ့ရေလျှောစီးကစားခြင်းကိုအနှစ်သက်ဆုံးပါ။

A: ကျွန်တော်/ကျွန်မလဲနှစ်သက်တယ်၊ အမြင့်ကနေလည်ပတ်ပြီးဆင်းလာတာကို၊ စိတ်ထဲမှာကြောက်လန့်သော်လည်း၊တကယ်ပျော်စရာကောင်းတယ်။

C: စိတ်လှုပ်ရှားဖွယ်ပျော်စရာကောင်းသော်လည်း၊အန္တရာယ်ကိုသတိပြုပြီး၊ အသက်ကယ်သမားရဲ့ညွှန်ကြားမှုကိုနာခံရမယ်။

AB: သင့်ရဲ့သတိပေးမှုအတွက်ကျေးဇူးတင်ပါတယ်၊ကျွန်တော်/ကျွန်မတို့သတိထားပါ့မယ်။

C: ဒါဆိုရင်စနေနေ့မွန်းတည့်ချိန်ရေကူးကန်မှာတွေ့ဆုံကြမယ်။